
စိတ်ကူးချိုချိုအနုပညာ

mgyoe.com



# သုံးဆယ့်ရှစ်ဖြာမင်္ဂလာဆိုင်ရာ

# ပုံပြင်များ

ဖြိုးသာရပြုစုသည်

mgyoe.com

mgyoe.com

သုံးဆယ့်ရှစ်ဖြာမင်္ဂလာဆိုင်ရာ

ပုံပြင်များ



PTY0019

1,500.00 KS

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၁၀၀၄၄၁၀၀၈ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၁၀၀၀၆၀၁၀၉ တို့ဖြင့်

မျက်နှာဖုံးပန်းချီ CNKရေးဆွဲပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ တာမွေ၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ရိုက်နှိပ်ကာ ၂၀၀၉ခု၊ မတ်လတွင် တန်ဖိုး ၁၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုတင်အေး(လှိုင်)

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


– နိဒါန်း က
၁။ လူမိုက်တို့နှင့်မပေါင်းသင်းခြင်းမင်္ဂလာ ၁
* မင်္ဂလာဆင်တော်
၂။ ပညာရှိတို့ကို ဆည်းကပ်ခြင်းမင်္ဂလာ ၃
* နှမ်းဆီနှစ်စက်
၃။ ပူဇော်ထိုက်သူကို ပူဇော်ရခြင်းမင်္ဂလာ ၆
* နဝရတ်လက်စွပ်
၄။ သင့်တင့်လျောက်ပတ်သောအရပ်၌နေခြင်းမင်္ဂလာ ၉
* သူ့နေရာနှင့်သူ
၅။ ရှေးကပြုအပ်သောကောင်းမှုရှိခြင်းမင်္ဂလာ ၁၁
* ဆင်ထိန်းက မင်းဖြစ်ရသူ
၆။ ကိုယ်နှင့်စိတ်ကို ကောင်းစွာထားခြင်းမင်္ဂလာ ၁၄
* ကောသိယသူဌေး
၇။ အကြားအမြင်ဗဟုသုတများခြင်းမင်္ဂလာ ၁၇
* မိုးကြိုးပစ်မှတ်
၈။ အပြစ်ကင်းအောင်တတ်မြောက်ခြင်းမင်္ဂလာ ၁၉
* ကျောက်စရစ်ပစ်အတတ်
၉။ ကျင့်ဝတ်တို့ကို ကောင်းစွာလိုက်နာခြင်းမင်္ဂလာ ၂၂
* အဆိပ်သင့်သူ
၁၀။ မှန်ကန်၍ အကျိုးရှိသောစကားကို ပြောဆိုခြင်းမင်္ဂလာ ၂၄
* အရှိကိုအရှိ
၁၁။ မိဘကိုလုပ်ကျွေးပြုစုခြင်းမင်္ဂလာ ၂၆
* သားမိုက်


mgyoe.com

mgyoe.com
၁၂။ သားမယားတို့ကို ထောက်ပံ့ခြင်းမင်္ဂလာ ၂၉
* အိမ်စောင့်နတ်ရဲ့အိမ်
၁၃။ အရှုပ်အထွေးမရှိသော အလုပ်လုပ်ခြင်းမင်္ဂလာ ၃၂
* ညောင်စောင့်နတ်ကပေးတဲ့အသိ
၁၄။ ပေးကမ်းစွန့်ကြဲလှူဒါန်းရခြင်းမင်္ဂလာ ၃၄
* ရေကုသိုလ်
၁၅။ သုစရိုက်တရားကို ကျင့်ခြင်းမင်္ဂလာ ၃၆
* ဘုရားပွဲအလှူခံ
၁၆။ ဆွေမျိုးတို့ကို ချီးမြှောက်ထောက်ပံ့ခြင်းမင်္ဂလာ ၃၉
* ကြာဖြူဒေဝီ
၁၇။ အပြစ်ကင်းသောအမှုကို ဆောင်ရွက်ခြင်းမင်္ဂလာ ၄၁
* အပ်လျှိုသမား
၁၈။ မကောင်းမှုကိုစိတ်ဖြင့် ရှောင်ကြဉ်ခြင်းမင်္ဂလာ ၄၄
* ရိုးသားတဲ့မောင်ဖေငယ်
၁၉။ မကောင်းမှုကို အထူးသဖြင့် ကိုယ်နှင့်နှုတ်တို့မှရှောင်ကြဉ်ခြင်းမင်္ဂလာ ၄၆
* ဒေါသအမျက်
၂၀။ အရက်သေစာ မသောက်စားခြင်းမင်္ဂလာ ၄၈
* အရှင်ဝိမလအထုပ္ပတ္တိ
၂၁။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ခြင်းမင်္ဂလာ ၅၁
* နတ်မိမယ်ကလေး
၂၂။ ရိုသေထိုက်သူကို ရိုသေခြင်းမင်္ဂလာ ၅၄
* ရွှေစေတီ
၂၃။ မိမိကိုယ်ကို နှိမ့်ချခြင်းမင်္ဂလာ ၅၇
* သာကီဝင်မင်းတို့မာန
၂၄။ ရောင့်ရဲခြင်းမင်္ဂလာ ၅၉
* တိဿနှင့်မိတ္တဝိန္ဒက
၂၅။ သူတစ်ပါးကျေးဇူးကို သိခြင်းမင်္ဂလာ ၆၁
* ပဒုမပေါင်တို
mgyoe.com

mgyoe.com

၂၆။ သင့်လျော်သောအခါ တရားနာခြင်းမင်္ဂလာ ၆၄
* စပါးကြီးမြွေ
၂၇။ သည်းခံခြင်းမင်္ဂလာ ၆၆
* မြည်းတစ်ကောင်နှင့်သားအဖနှစ်ယောက်
၂၈။ ဆိုဆုံးမလွယ်ကူခြင်းမင်္ဂလာ ၆၈
* ဘီလူးမြို့က ပြန်ခဲ့တယ်
၂၉။ ရဟန်းသာမဏေတို့ကို ဖူးမြော်ရခြင်းမင်္ဂလာ ၇၁
* ခင်ပုပ်ငှက်နှင့်နန္ဒဘီလူး
၃၀။ သင့်တင့်လျောက်ပတ်သောအခါ၌ တရားဆွေးနွေးခြင်း ၇၃
* ဩကာသ
၃၁။ ခြိုးခြံချွေတာခြင်းမင်္ဂလာ ၇၆
* အကျိုနီနီရဲရဲလေး
၃၂။ မြတ်သောအကျင့်ကိုကျင့်ခြင်းမင်္ဂလာ ၇၉
* ဝိပ္ပလိနှင့်ဘဒ္ဒါ
၃၃။ အရိယသစ္စာလေးပါးမြတ်တရားကို သိမြင်ခြင်းမင်္ဂလာ ၈၂
* ရသေ့ပျို၏သစ္စာ
၃၄။ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းမင်္ဂလာ ၈၄
* ရှင်ပုည
၃၅။ လောကဓံနှင့် ကြုံသောအခါ စိတ်၏တုန်လှုပ်မှုမရှိခြင်း ၈၇
* ဖူးစာရှင်ရွေးသူ
၃၆။ စိုးရိမ်မှုကင်းခြင်းမင်္ဂလာ ၉၀
* ပဋ္ဌဝုဒ
၃၇။ ရမ္မက်ဟူသောမြူမရှိခြင်းမင်္ဂလာ ၉၂
* လေးဘဝဆက်၍သေရသူ
၃၈။ ဘေးရန်မရှိခြင်းမင်္ဂလာ ၉၄
* ပါယာသိနတ်သား
– နိဂုံး ၉၇

❋

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# နိဒါန်း

ကလေးတို့ရေ . . .

•

(၃၈)ဖြာ မင်္ဂလာတရားတော်ကို မြတ်စွာဘုရားက ဟောကြားတော်မူခဲ့တယ်။ မင်္ဂလာတရားဆိုတာ မကောင်းမှုကို ပယ်ဖျက်ခြင်း၊ စီးပွားချမ်းသာအကြောင်းဖြစ်ခြင်းနဲ့ ချီးမွမ်းအပ်ခြင်းဆိုတဲ့ အဓိပ္ပာယ်ကို ဆိုလိုတယ်။ မင်္ဂလာတရား (၃၈)ပါးမှာ

| | |
|---|---|
| ဆက်ဆံရေးဆိုင်ရာ မင်္ဂလာတရား | ၃ ပါး |
| နေထိုင်ရေးဆိုင်ရာ မင်္ဂလာတရား | ၃ ပါး |
| ယဉ်ကျေးမှုပညာဆိုင်ရာ မင်္ဂလာတရား | ၄ ပါး |
| ပြုစုလုပ်ကျွေးခြင်းဆိုင်ရာ မင်္ဂလာတရား | ၃ ပါး |
| ကူညီဆောင်ရွက်ရေးဆိုင်ရာ မင်္ဂလာတရား | ၄ ပါး |
| ရှောင်ကြဉ်လိုက်နာရေးဆိုင်ရာ မင်္ဂလာတရား | ၄ ပါး |
| အရိုအသေပြုခြင်းဆိုင်ရာ မင်္ဂလာတရား | ၅ ပါး |
| သည်းခံခြင်းဆိုင်ရာ မင်္ဂလာတရား | ၄ ပါး |
| ငြိမ်းချမ်းခြင်းဆိုင်ရာ မင်္ဂလာတရား | ၄ ပါး |
| တုန်လှုပ်မှုမရှိခြင်းဆိုင်ရာ မင်္ဂလာတရား | ၄ ပါး |

တို့ ပါဝင်တယ်။

အဲဒီမင်္ဂလာတရားတော်ကို အညတရနတ်သားတစ်ပါးရဲ့ လျှောက်ထားမေးမြန်းမှုကြောင့် မြတ်စွာဘုရားက ဟောကြားခဲ့တာဖြစ်တယ်။ မင်္ဂလာတရားနဲ့ပတ်သက်ပြီး လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကျော်လောက်က လူ့ပြည်မှာ အမျိုးမျိုး အငြင်းပွားခဲ့ကြတယ်။ အဲဒီလိုပဲ

mgyoe.com

နတ်ပြည်၊ ဗြဟ္မာပြည်တိုင်အောင် အငြင်းအခုံဖြစ်ကြပြီး အဖြေအမျိုးမျိုး ထုတ်ခဲ့ကြတယ်။

ဒါကြောင့် နတ်သားတစ်ပါးဟာ အဲဒီလို အငြင်းအခုံဖြစ်ပွားနေပုံအကြောင်းစုံကို မြတ်စွာဘုရားထံလာရောက်လျှောက်ထားပြီး၊ မင်္ဂလာတရားတော်ကို ဟောကြားပေးဖို့ တောင်းပန်ခဲ့တယ်။

ဘုရားရှင်ဟောကြားခဲ့တဲ့ မင်္ဂလာတရားတော်တွေကို တစ်ပါးစီ၊ တစ်ပါးစီ ပုံဝတ္ထု သက်သေသာဓကအကိုးအကားတွေနဲ့ လိုက်နာကျင့်သုံးပြီး၊ အကျိုးခံစားရပုံ၊ မင်္ဂလာတရားနဲ့မညီဘဲ ဆန့်ကျင်တဲ့အတွက် ကောင်းကျိုးဆုံးရှုံးပြီး ဒုက္ခဆင်းရဲရောက်ရပုံတွေကို ကလေးတို့ဖတ်ရှု အသိတရားရစေဖို့ ရေးသားပေးလိုက်ပါတယ်။

မင်္ဂလာရှိတဲ့ကလေးတွေဖြစ်ကြပါစေ။

❋

mgyoe.com

mgyoe.com

# ၁။ လူမိုက်တို့နှင့်မပေါင်းသင်းခြင်းမင်္ဂလာ
## (အသေဝနာစ ဗာလာနံ)

### မင်္ဂလာဆင်တော်

ဟိုးရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း အုပ်ချုပ်စိုးစံသတဲ့။ အဲဒီမင်းကြီးမှာ မဟိလာမုခလို့ခေါ်တဲ့ မင်္ဂလာဆင်တော်ရှိသတဲ့။ အဲဒီဆင်တော်ဟာ အကျင့်သီလနဲ့ပြည့်စုံပြီး ဘယ်သူ တစ်ဦးတစ်ယောက်ကိုမျှ ထိခိုက်နာကျင်အောင် မပြုတတ်ဘူးတဲ့ ကလေးတို့ရေ။

ဆင်တော်ကို ဥယျာဉ်တော်အတွင်း တောအုပ်အစပ်မှာ ဆင်တင်းကုပ်နဲ့ထားတာ ဖြစ်တယ်။ တစ်နေ့မှာတော့ ခိုးသားတွေဟာ ဆင်တင်းကုပ်နားကို ရောက်လာကြသတဲ့။ သူတို့ဟာ တောအုပ်အတွင်း ခရီးသွားတွေဆီက ပစ္စည်းဥစ္စာတွေကို လုယက်ယူငင်ကြဖို့ တိုင်ပင်ကြတယ်။ လူကိုသတ်၊ ပစ္စည်းယူဖို့ အချင်းချင်း အကြံပြုကြတယ်။

ဆင်တော်ဟာ ခိုးသားဓားပြတွေရဲ့ စကားတွေကို ညစဉ်ကြားရသတဲ့။ ခိုးသားဓားပြတွေကလည်း ညစဉ်လိုလို ဆင်တင်းကုပ်နားမှာလာပြီး တိုင်ပင်ကြတာကိုး။ အဲဒီမှာပဲ ဆင်တော်ဟာ ရန့်ရင်းကြမ်းတမ်းတဲ့အပြုအမူတွေကို ကြားရဖန်များပြီး နားယဉ်လာတော့သတဲ့။

အဲဒီလိုနဲ့ ဆင်တော်ဟာ ရိုင်းပြတဲ့အသွင်ကို ပြောင်းလာတော့တယ်။ သူ့ဆီကို နံနက်တိုင်း ရောက်လာတဲ့လူကို ရန်မူတော့သတဲ့။

အဲဒီသတင်းကို ဘုရင်မင်းဖြတ်ကြားသိတော်မူတဲ့အခါ အလွန်အံ့သြသွားတော့တာပေါ့။ သူ့ရဲ့ဆင်တော်ဟာ အင်မတန်သိမ်မွေ့သီလကောင်းပြီး၊ နူးညံ့တဲ့အကျင့်စလေ့

 mgyoe.com 

ရှိပါလျက် အခုလိုဖြစ်ရဘဲ့အတွက် တော်တော်လည်း စိတ်မကောင်းဖြစ်သွားသတဲ့။

မင်းကြီးဟာ အမတ်ကြီးတစ်ယောက်ကို စေလွှတ်ပြီး ဒီအရေးစုံစမ်းပေးဖို့ မိန့်ကြားသတဲ့။ အဲဒီအမတ်ဟာ ဆင်ရဲ့ကိုယ်ပေါ်မှာ ရောဂါရှာဖွေပေမယ့် မတွေ့ရဘူး။ ဘာအကြောင်းကြောင့် အခုလို ဆင်တော်ပျက်စီးရသလဲ။ ဘယ်သူက ဆင်တော်ရဲ့အကျင့်ကို ဖျက်ဆီးပစ်သလဲဆိုတာ စဉ်းစားဆင်ခြင်ရတော့တယ်။

အဲဒီအချိန်မှာပဲ အမတ်ကြီးက တွေးဆမိသွားတယ်။ တစ်စုံတစ်ယောက်ဟာ ဆင်တော်ရဲ့အနီးမှာ မကောင်းတဲ့အမှုအကျင့်တွေ ပြုမူပြောဆိုခြင်းဖြစ်နိုင်တယ်လို့ သုံးသပ်မိသွားတယ်။ ဒါနဲ့ ဆင်ထိန်းကို ခေါ်ပြီးမေးသတဲ့။

ဆင်ထိန်းလည်း အမေးကိုဖြေနိုင်ဖို့အတွက် နေ့နေ့ညည ဆင်တင်းကုပ်အနားမှာ တိတ်တဆိတ်ချောင်းမြောင်းစောင့်ကြည့်တော့တယ်။ အဲဒီမှာပဲ ညဘက်ခိုးသားဓားပြတို့ ဆင်တင်းကုပ်အနား စကားဆိုတိုင်ပင်ကြပုံကို တွေ့ရတော့တာပေါ့။ ဆင်ထိန်းလည်း အမတ်ကြီးကို ပြန်လျှောက်တင်လိုက်သတဲ့။ အမတ်ကြီးက သင့်တင့်အကြောင်းစုံသိရတဲ့ ဘုရင်ကြီးဟာ ဆင်တင်းကုပ်အနားပတ်ဝန်းကျင်ကို အစောင့်အကြပ်တွေချထားပြီး ညဘက်တွေမှာ ဆင်တင်းကုပ်အနီး သီလသမာဓိစကားတွေ ပြောကြားစေဖို့ စီစဉ်စေသတဲ့။

ဒီလိုနဲ့ ဆင်တော်ဟာ ယဉ်ကျေးသိမ်မွေ့တဲ့စကားတွေကို ကြားလာရပြီး၊ ရုန့်ရင်းကြမ်းတမ်းတဲ့စိတ်တွေ ပျောက်ပျက်သွားရတော့တယ်။ ရဟန်း၊ ပုဏ္ဏားတို့ရဲ့ သီလသမာဓိရှိတဲ့ အပြောအဆိုတွေအပေါ်ယဉ်ပါးလာတဲ့ဆင်တော်ဟာ မင်္ဂလာရှိတဲ့ဆင်တော်အဖြစ်ကို ပြန်လည်ရောက်ရှိလာတော့တယ်။

တိရစ္ဆာန်သော်မှ လူမိုက်တွေရဲ့ အနီးအနားမှာရှိခဲ့ရင် ဆိုးသွမ်းစိတ်ဝင်တတ်သေးတာမို့ ကလေးတို့တစ်တွေလည်း လူမိုက်ကို မပေါင်းသင်းမပတ်သက်အပ်ဘူးဆိုတာ သတိပြုကြရအောင်နော်။

❋

mgyoe.com

mgyoe.com

# ၂။ ပညာရှိတို့ကို ဆည်းကပ်ခြင်းမင်္ဂလာ
## (ပဏ္ဍိတာနဉ္စ သေဝနာ)

## နှမ်းဆီနှစ်စက်

ဟိုရှေးရှေးတုန်းက တိုင်းပြည်တစ်ပြည်မှာ ဦးဗလဆိုတဲ့ သူကြွယ်ကြီးတစ်ဦးရှိသတဲ့။ အဲဒီသူကြွယ်ကြီးမှာ သားတစ်ယောက်ရှိသတဲ့။

တစ်နေ့တော့ သူကြွယ်ကြီးဟာ သူ့ရဲ့သားမောင်သီဟကို ပညာရှိသုခမိန်ကြီးထံ ပညာသင်ယူဖို့စေလွှတ်လိုက်တယ်။ သူကြွယ်ကြီးက 'သားမောင်၊ စိတ်ချမ်းသာခြင်း၏ လျှို့ဝှက်ချက်ကို သုခမိန်ကြီးထံမှာ ဆည်းပူးခဲ့ပါ'လို့ မှာကြားလိုက်သတဲ့ကွယ်။

မောင်သီဟလည်း သုခမိန်ကြီးနေထိုင်ရာ အိမ်တော်ကြီးဆီကို ရောက်လာတော့ တယ်။ ခန်းမကျယ်ကြီးထဲမှာ လူတွေအများအပြားတွေ့ရပြီး သုခမိန်ကြီးက အစား အသောက်တွေနဲ့ ဧည့်ခံနေတာတွေ့ရသတဲ့။

သူလည်း စားပွဲတစ်ခုမှာ ဝင်ထိုင်ပြီး သုခမိန်ကြီးနဲ့ စကားပြောဖို့ အခွင့်အရေးစောင့် နေတာပေါ့။ သုခမိန်ကြီး သူ့အနားလည်းရောက်လာရော သူက ဦးညွှတ်ဂါရဝပြုပြီး ပြောလိုက်သတဲ့။

'ကျွန်တော်မျိုးဟာ သူကြွယ်ကြီး ဦးဗလရဲ့သားဖြစ်ပါတယ်။ ကျွန်တော်မျိုး ဖခင်က သုခမိန်ကြီးထံမှာ ပညာသင်ယူဖို့ စေလွှတ်လိုက်ပါတယ်' လို့ ပြောတော့ သုခမိန်ကြီးက

'ကျုပ်မှာ ပညာသင်ကြားပေးဖို့ အချိန်မရပေဘူး' လို့ ပြန်ပြောတယ်။

မောင်သီဟက

'ဒီလိုဆိုရင်လည်း တစ်ခုလောက်တော့ ပြောပြပေးပါ။ စိတ်ချမ်းသာခြင်းရဲ့ လျှို့ဝှက်

mgyoe.com

ချက်ကို သိပါရစေ'လို့ ပြောလိုက်ပြန်သတဲ့။

အဲဒီမှာ သုခမိန်ကြီးက ပြုံးပြီး

'ဒီ ကိစ္စက ပိုပြီးခဲယဉ်းတယ်'လို့ ပြောလိုက်သတဲ့။ ပြီးတော့

'ကဲပါ၊ ကျုပ်ရဲ့ အိမ်တော်ကိုရောက်တုန်းမှာ လေ့လာသွားပါဦး၊ မောင်ရင့်ကို ကျုပ်အချိန်နှစ်နာရီပေးမယ်၊ တစ်ခုတော့ရှိတယ်။ ဟောဒီဇွန်းထဲမှာ ကျုပ် နှမ်းဆီနှစ်စက်ထည့်ပေးလိုက်မယ်။ ကျုပ်ဆီကို ပြန်ရောက်တဲ့အခါ ဒီနှမ်းဆီတွေကို မဖိတ်မစင်ဘဲ ပြန်ပါလာအောင် ယူခဲ့ပေးပါ' လို့ ပြောသတဲ့။

မောင်သီဟလည်း သုခမိန်ကြီးပေးလိုက်တဲ့ နှမ်းဆီနှစ်စက်နဲ့ ဇွန်းကိုကိုင်ပြီး အိမ်တော်ကြီးအတွင်း လှည့်ပတ်ကြည့်ရှုသတဲ့။ လှေကားထစ်တွေကိုတက်၊ ဥယျာဉ်ခြံကျယ်ကြီးအတွင်း လမ်းလျှောက်ပေါ့။ လက်ထဲက ဇွန်းကို မမှောက်အောင် သတိထားရင်းနဲ့လေ။

ဒီလိုနဲ့ နှစ်နာရီကြာတော့ ခန်းမကျယ်ကြီးထဲကို သူပြန်ရောက်လာတော့တယ်။ သုခမိန်ကြီးက မောင်သီဟကို စောင့်ကြိုနေတယ်။ မောင်သီဟလည်း လက်ထဲက ဆီဇွန်းကို သုခမိန်ကြီးဆီ အပ်လိုက်တယ်။ အဲဒီမှာ သုခမိန်ကြီးက

'ကျုပ်ရဲ့အိမ်တော်ထဲမှာ ဘာတွေတွေ့ခဲ့သလဲ။ ဥယျာဉ်ထဲက ရွှေသရက်ပင်ကိုတွေ့ခဲ့သလား။ အိမ်တော်အပေါ်ဆင့်မှာ ဆေးရောင်ခြယ်ပန်းချီကားကြီးကိုရော တွေ့ခဲ့သလား' လို့မေးသတဲ့။ မောင်သီဟခမျာ စကားမပြန်နိုင်ဖြစ်သွားတယ်။ သူဟာ လက်ထဲက ဆီဇွန်းကို ဂရုစိုက်နေရတဲ့အတွက် အဲဒီမြင်ကွင်းတွေအပေါ် အာရုံမစိုက်နိုင်ခဲ့ဘူးလေ။

သုခမိန်ကြီးက ပြုံးပြီးပြောတယ်။

'အဲဒါတွေ မတွေ့ခဲ့ဘူးလား၊ ဒါဖြင့် နောက်တစ်ခေါက်ပြန်ကြည့်ပါဦး။ အချိန်နှစ်နာရီ ထပ်ပေးပါမယ်' လို့ပြောပြီး ဆီဇွန်းကို ပြန်ပေးလိုက်တယ်။

မောင်သီဟလည်း ဒီတစ်ခါတော့ အိမ်တော်ကြီးရဲ့ဥယျာဉ်တော်ကို စေ့စေ့စပ်စပ်လေ့လာတော့တာပေါ့။ ပန်းချီကားကြီးကိုရော ရွှေသရက်ပင်ကြီးကိုပါ။ အံ့မခန်းတွေ့ခဲ့ရတယ်လေ။ သူ သုခမိန်ကြီးဆီ ပြန်ရောက်တဲ့အခါ သူတွေ့ခဲ့ရသမျှတွေ အားပါးတရပြောပြနိုင်ပြီပေါ့။

သုခမိန်ကြီးက ပြုံးတယ်။ ပြီးတော့ မောင်သီဟ လက်ထဲက ဇွန်းကို လှမ်းယူတယ်။ ဇွန်းထဲမှာတော့ ဆီတစ်စက်မှ မရှိတော့ဘူး၊ ကလေးတို့ရေ။ သုခမိန်ကြီးက

'လူဟာ တစ်ခုတည်းကိုပဲ အာရုံစိုက်နိုင်တယ်။ ဒါဟာ သာမန်လူဖြစ်တယ်၊ မောင်ရင်ဟာ စိတ်ချမ်းသာမှုရဲ့လျှို့ဝှက်ချက်ကိုသိလိုရင် ဆီတစ်စက်မှမဖိတ်ဘဲ ပတ်ဝန်း

mgyoe.com

mgyoe.com

ကျင်ကို စေ့စေ့စပ်စပ်လေ့လာနိုင်သူဖြစ်ဖို့လိုတယ်' လို့ ပြောလိုက်သတဲ့။

မောင်သီဟလည်း ဖခင်ကြီးဆီကို ပြန်လာခဲ့တော့တယ်။ သူဟာ ပညာရှိသုခမိန်ကြီး ပေးလိုက်တဲ့ သင်ခန်းစာကို ကောင်းကောင်းနားလည်လာခဲ့တယ်။ အဲဒီသင်ခန်းစာက 'အသိတရားရဖို့အတွက် သတိတရားကို ကိုယ်နဲ့မကွာထားရမယ်' ဆိုတာပါပဲ ကလေးတို့ရေ။

မောင်သီဟကလေးဟာ မင်္ဂလာရှိတဲ့ လူငယ်ကလေးဖြစ်လာတော့သတဲ့ကွယ်။

❋

mgyoe.com

mgyoe.com

# ၃။ ပူဇော်ထိုက်သူကို ပူဇော်ရခြင်းမင်္ဂလာ

## (ပူဇာစ ပူဇနေယျာနံ)

## နဝရတ်လက်စွပ်

တစ်ခါတုန်းက တိုင်းပြည်တစ်ပြည်မှာ သူကြွယ်ကြီးတစ်ယောက်ရှိတယ်။ သူကြွယ်ကြီးရဲ့ အိမ်မှာ မယ်သီ ဆိုတဲ့မိန်းကလေး တစ်ယောက်ရှိတယ်။ မယ်သီဟာ သူကြွယ်ကြီး အိမ်က အိမ်မှုကိစ္စတွေကို ကူညီလုပ်ကိုင်ပေးပြီး တောရွာကလေးမှာရှိတဲ့ မိဘတွေကို လုပ်ကျွေး ထောက်ပံ့ပေးသူ လိမ္မာယဉ်ကျေးသော မိန်းကလေးဖြစ်တယ် ကလေးတို့ရေ။

မယ်သီဟာ နံနက်မိုးလင်းတာနဲ့ ဆွမ်းချက်ပြီး ဘုရားမှာ ဆွမ်းတော်ကပ်ဖို့၊ ရဟန်းသံဃာတော်တွေအတွက် ဆွမ်းလောင်းလှူဖို့ ပြင်ဆင်ပေးထားရတယ်။ သူကြွယ်ကတော် နိုးလာတာနဲ့ အဆင်သင့်ဖြစ်အောင် လုပ်ထားရတာပေါ့ကွယ်။

မယ်သီဟာ သူကြွယ်ရဲ့ သူကြွယ်ကတော်တို့အတွက် သောက်ရေ၊ သုံးရေကအစ လိုအပ်သမျှ မညည်းမညူလုပ်ကိုင်ပေးတယ်၊ ကျေးဇူးရှင်လင်မယားကို အမြဲဂါရဝတရားနဲ့ ဆက်ဆံတယ်။

မယ်သီဟာ သက်ကြီးရွယ်အိုတွေကို တွေ့ရင်လည်း ရိုရိုသေသေနဲ့ တတ်နိုင်သလောက် ပူဇော်ကန်တော့လေ့ရှိတယ်။ ညနေခင်းဆို ဥယျာဉ်ချောင်းစပ်မှာ ပန်းခူးပြီး ဘုရားရှင်နဲ့ နတ်ဒေဝတာတွေကို ပူဇော်ပသတတ်တယ်။

တစ်နေ့မှာတော့ မမျှော်လင့်တဲ့ ပြဿနာတစ်ခု ဖြစ်လာသတဲ့ကွယ်။ သူကြွယ်ကတော်ကြီးရဲ့ နဝရတ်လက်စွပ်ပျောက်သွားတယ်လေ။ တစ်အိမ်လုံးအနှံ့လိုက်ရှာပေမယ့် မတွေ့ဘူးတဲ့။ မယ်သီကလေးခမျာ မနေတတ်မထိုင်တတ် ဖြစ်ရရှာတာပေါ့ကွယ်။

mgyoe.com

သူကြွယ်ကတော်ကြီးကတော့ သူရဲ့မင်္ဂလာအထိမ်းအမှတ် လက်စွပ်ပျောက်သွားတဲ့အတွက် နှမြောလည်းနှမြော၊ ဒေါသလည်းထွက်ပေါ့။ အိမ်တော်မှာရှိတဲ့ အစေအပါးအားလုံးကိုလည်း ကြိမ်းမောင်းပြစ်တင်တာပေါ့။ နဝရတ်လက်စွပ်ခိုးတဲ့သူကို ရှာပေးနိုင်ရင် အသပြာငွေ ဆုချမယ်။ တစ်လအတွင်း ရှာမပေးနိုင်ရင် အားလုံးအလုပ်ထုတ်ပစ်မယ်လို့ ရာဇသံပေးလိုက်သတဲ့။

အိမ်တော်မှာရှိတဲ့ အမှုထမ်း၊ အစေအပါးတွေဟာ ယုန်ထင်ကြောင်ထင်နဲ့ တစ်ယောက်ကို တစ်ယောက် သံသယတွေဝင်၊ စိတ်ဝမ်းတွေကွဲ၊ အထင်အမြင်တွေ လွဲကုန်ကြတော့တာပေါ့ကွယ်။ ဒါပေမဲ့ အဖြေကတော့မပေါ်ဘူး၊ ကလေးတို့ရေ။ နဝရတ်လက်စွပ်ဟာ ပျောက်ခြင်းမလှပျောက်နေတော့တယ်။

မယ်သီကလေးဟာ နဝရတ်လက်စွပ်ပြဿနာကြောင့် စိတ်မချမ်းမသာ ဖြစ်နေရရှာတယ်။ သူကြွယ်ကတော်ကိုလည်း သနားတယ်၊ ဘဝတူအစေအပါးတွေကိုလည်း အလုပ်က မထွက်ရစေချင်ဘူး။

ဒါနဲ့ မယ်သီဟာ မြို့ဦးစေတီဆီကိုသွားပြီး တိုင်တည်ဆုတောင်းသတဲ့။

'တပည့်တော်မသည် ယနေ့ ယခုအချိန်အထိ ပူဇော်ထိုက်သူများကို ပူဇော်ကန်တော့ခဲ့ပါသည်။ ကျေးဇူးရှင်များကိုလည်း ပြစ်မှားစော်ကားမှု မပြုခဲ့ပါ။ ဤမှန်သော သစ္စာစကားကြောင့် တပည့်တော်မ၏အလုပ်ရှင် သူကြွယ်ကတော်၏ နဝရတ်လက်စွပ်ကို ဥစ္စာရှင်းမှန် ပြန်ရပါစေ' လို့ အဓိဋ္ဌာန်ပြုသတဲ့ကွယ်။

အဲဒီညဥ့်သန်းခေါင်ယံရောက်တော့ မယ်သီ အိပ်ရာကလန့်နိုးလာသတဲ့။ သူ့အိပ်ရာနဘေးမှာ ကြောင်ကလေးတစ်ကောင်ရောက်နေပြီး တညောင်ညောင်နဲ့ အော်နေတာကြောင့် နိုးလာတာဖြစ်တယ်။ အဲဒီကြောင်ကလေးဟာ သူကြွယ်ကတော်ကြီး မွေးထားတဲ့ ကြောင်ကလေးပေါ့။ မယ်သီလည်း ကြောင်ကလေးကို သူ့ကိုယ်ပေါ်တင်ပြီး ပွတ်သပ်ပေးလိုက်တယ်။ ကြောင်ကလေးဟာ အအော်ရပ်သွားပြီး တခွီးခွီးနဲ့ အန်ချတော့တာပါပဲ ကလေးတို့ရေ။

အဲဒီလိုလည်း အန်လိုက်ရော ကြောင်လေးရဲ့ဝမ်းထဲက နဝရတ်လက်စွပ်ဟာ မယ်သီရဲ့ကိုယ်ပေါ်ကို ကျလာတော့တာပေါ့။ မယ်သီလည်း ဝမ်းသာအားရနဲ့ သူကြွယ်ကတော်ကြီးဆီ ပြေးသွားပြီး ပေးတော့တာပေါ့ကွယ်။

အဲဒီအခါကျမှ သူကြွယ်ကတော်ကြီးလည်း ပြုံးနိုင်ရယ်နိုင်ဖြစ်လာတော့သတဲ့။ အိမ်စေအားလုံးလည်း ဝမ်းသာကုန်ကြပြီး စိတ်လက်ပေါ့ပါးသွားကြတော့တယ်။ အရင်း

mgyee.com

စစ်လိုက်တော့ ပူဇော်ထိုက်သူကို ပူဇော်ရခြင်းအတွက် မယ်သီ ရရှိခံစားရတဲ့ မင်္ဂလာ ပေါ့ကွယ်။

❋

mgyoe.com

mgyoe.com

# ၄။ သင့်တင့်လျောက်ပတ်သောအရပ်၌နေခြင်းမင်္ဂလာ
## (ပဋိရူပ ဒေသဝါသောစ)

## သူ့နေရာနှင့်သူ

ဟိုးရှေးရှေးတုန်းက မြို့ကလေးတစ်မြို့မှာ မောင်ချောနဲ့မောင်ပေါ်ဆိုတဲ့ လူငယ်လေးနှစ်ယောက်ရှိသတဲ့။ မောင်ချောဟာ နာမည်နဲ့လိုက်အောင် ချောမောတင့်တယ်ပြီး ယောကျ်ားပီသတဲ့ရုပ်သွင်ရှိတယ်။ မောင်ပေါ်ကတော့ နာမည်အတိုင်း ပေါ်တောတော ကြောင်တောင်တောင်ပေါ့ကွယ်။

မောင်ပေါ်ဟာ မောင်ချောကို သိပ်ပြီးအားကျတယ်တဲ့ကလေးတို့ရေ။ သူ့ကိုယ်သူ မောင်ချောလို ချောမောအောင် ဘယ်လိုလုပ်ရမလဲလို့ အမြဲစဉ်းစားနေလေ့ရှိသတဲ့။

တကယ်မှာတော့ မောင်ပေါ်ဟာ လက်မှုပညာကျွမ်းကျင်သူ တစ်ယောက်ဖြစ်တယ်။ သူ့ဖခင်ဟာ ကျောက်ဆစ်ထုတဲ့နေရာမှာ ဆရာတစ်ဆူဖြစ်တာမို့ မောင်ပေါ်ကိုယ်တိုင်ကလည်း ကျောက်ဆစ်ပညာကို ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်တယ်။

ဒါပေမယ့် မောင်ပေါ်ဟာ သူ့ရဲ့ပညာမှာ စိတ်မဝင်စားဘူး။ မောင်ချောလို ချောမောချင်စိတ်နဲ့ဘယ်လိုဝတ်စားဆင်ယင်ရမလဲဆိုတာကိုပဲ တွေးနေတတ်သတဲ့။ မောင်ချောဝတ်သမျှကို လိုက်အတုခိုးပြီး ဝတ်တယ်။ အဲဒီလို ကိုယ်နဲ့မလိုက်ဖက်ဘဲ ဝတ်စားလေလေလူတွေက သူ့ကို ငပေါကြီးလို့ သတ်မှတ်လေလေပေါ့ ကလေးတို့ရယ်။

တစ်နေ့မှာတော့ သူတို့မြို့ကလေးမှာ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲကျင်းပဖို့ လူကြီးသူမတွေ စီစဉ်ကြသတဲ့။ ဘုရားဆင်းတုတော်တွေကို မောင်ပေါ်ရဲ့ဖခင်က ထုဆစ်ပေးဖို့တာဝန်ယူရတယ်။ အချိန်ကလည်း နီးကပ်နေပြီဆိုတော့ မောင်ပေါ်ရဲ့ဖခင်ဟာ သွားဖြစ်သူ

mgyoe.com

ရဲ့အကူအညီကို သိပ်ပြီးတောင့်တသတဲ့။

ဒါပေမယ့် မောင်ပေါကတော့ ဖခင်အနားကို မကပ်ပါဘူး။ ဘုရားပွဲမှာ ပြဇာတ်ကဖို့ ဇာတ်တိုက်နေတဲ့ မောင်ချောကိုသွားပြီး ငေးမောနေတော့တယ်။ မောင်ချောရဲ့အမူအရာတွေကို ကွယ်ရာမှာ လိုက်တုရင်းနဲ့ အားအကျကြီးကျနေသတဲ့ကွယ်။

ဒီလိုနဲ့ ပြဇာတ်တိုက်တာသာ ပြီးသွားတယ်၊ ဘုရားဆင်းတုတော်တွေ ထုဆစ်တာက မပြီးဘဲ ဖြစ်နေသတဲ့။ မြို့အုပ်ကြီးဟာ မောင်ပေါဖခင်ကို ခေါ်ပြီး သတိပေးတော့တာပေါ့။ ဘုရားပွဲကို မမီနိုင်ရင် အပြစ်ပေးခံရမယ်လို့လည်း ပြောလိုက်သတဲ့။

မောင်ပေါကတော့ အဲဒါကို မသိဘူးပေါ့ကွယ်။ သူဟာ မှန်ကိုကြည့်လိုက်၊ ဇာတ်ကွက်ထဲကလို သရုပ်ဆောင်ဂိုက်နဲ့ တော်တော့်ကို ပေါကြောင်ကြောင်တွေ လုပ်နေခဲ့တယ်။ ဒါ့အပြင် သူ့အဖေကိုလည်း ပူဆာနေသေးသတဲ့။ ဘုရားပွဲမှာဝတ်ဖို့ မောင်ချောဝတ်မယ့် အဝတ်အစားမျိုး ဝယ်ပေးရမယ်တဲ့လေ။

ဒီလိုနဲ့ပဲ မကြာမီရက်မှာ မောင်ပေါတို့အိမ်ကို မြို့မိမြို့ဖလူကြီးတွေ ရောက်လာကြတယ်။ ဆင်းတုတော်တွေကို ထုဆစ်ဖို့ လူသစ်တစ်ယောက်ဆီ လွှဲပြောင်းပေးရအောင် လာပြောကြတ ပေါ့။ ဘုရားပွဲကို မမီနိုင်တော့တာမို့ မောင်ပေါအဖေခမျာ လက်ခံလိုက်ရတော့မယ့်အခြေအနေဖြစ်နေတာပေါ့ကွယ်။

'သားရေ၊ မင်းလိုချင်တဲ့ ဝတ်စုံကို အဖေဝယ်မပေးနိုင်တော့ဘူးကွယ်။ ဆင်းတုတွေ အချိန်မီမပေးနိုင်တာမို့ အလုပ်သိမ်းရတော့မယ်တဲ့' ဆိုတဲ့ သူ့အဖေရဲ့ မချိတင်ကဲလေသံဟာ မောင်ပေါရဲ့စိတ်ကို နှိုးဆွပြောင်းလဲပစ်လိုက်တော့တယ် ကလေးတို့ရေ။

အဲဒီမှာ မောင်ပေါဟာ 'ဟာ၊ အဘနယ်၊ ဘာလို့မပြီးရမလဲဗျ၊ ကျုပ်လည်းတတ်တာပဲ၊ ကျုပ်ပါကူမှာပေါ့။ ပြီးပါတယ်ဗျ' လို့ပြောပြီး လုပ်ငန်းခွင်စဝင်တော့တာပေါ့။ အဲဒီကျမှ လူကြီးတွေလည်း သက်ပြင်းချ ကျေနပ်သွားကြသတဲ့။

ဒီလိုနဲ့ ဘုရားဆင်းတုတော်တွေ အချိန်မီပြီးသွားတော့တယ်။ အချိန်မီအလုပ်ပြီးတော့ လုပ်အားခရတာပေါ့ကွယ်။ မောင်ပေါဖခင်လည်း သူ့သားကို 'ကဲ၊ ငါ့သားလိုချင်တဲ့ဝတ်စုံ ဝယ်ပေတော့'လို့ ပြောလိုက်သတဲ့။ အဲဒီအခါ မောင်ပေါက ပြုံးပြုံးကြီးလုပ်ပြီး 'ရှူးနဲ့ဆောက်ကောင်းကောင်းတစ်စုံပဲဝယ်တော့မယ် အဘရေ'လို့ ပြောလိုက်သတဲ့ကွယ်။

ကိုယ်နဲ့သင့်တင့်လျောက်ပတ်တဲ့အရပ်မှာ နေတတ်သွားတဲ့ မောင်ပေါဟာ မင်္ဂလာရှိသူဖြစ်သွားပြီပေါ့ ကလေးတို့ရေ။

❋

mgyoe.com

mgyoe.com

# ၅။ ရှေးကပြုအပ်သောကောင်းမှုရှိခြင်းမင်္ဂလာ
# (ပုဗ္ဗေစ ကတ ပုညတာ)

## ဆင်ထိန်းက မင်းဖြစ်ရသူ

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်မှာ ထင်းခွေယောက်ျားတစ်ယောက် ရှိသတဲ့။ တစ်နေ့တော့ သူဟာ တောထဲမှာထင်းခွေရင်း မိုးချုပ်သွားတာနဲ့ မြို့တံခါးကို အချိန်မီ မရောက်နိုင်တာကြောင့် သစ်ပင်တစ်ပင်ပေါ်မှာ တက်အိပ်ရတော့သတဲ့။

အဲဒီသစ်ပင်မှာ ကြက်နှစ်ကောင်ဟာလည်း အိပ်တန်းတက်နေသတဲ့။ မိုးသောက်ခါနီးတဲ့အခါမှာ အပေါ်ကကြက်ဟာ အောက်ကကြက်အပေါ် မစင်ယိုချသတဲ့။ အောက်ကကြက်လည်း 'ဘယ်သူက ငါ့အပေါ် မစင်ယိုချသလဲကွ'လို့ ပြောတယ်။ အပေါ်ကကြက်က မတော်တဆထိသွားတာကွ'လို့ ပြန်ပြောတယ်။ အဲဒီမှာ ကြက်နှစ်ကောင်ဟာ တစ်ကောင်ကိုတစ်ကောင် မခံချင်အောင်ပြောပြီး ရန်ထောင်နေကြတာပေါ့။

ကြက်နှစ်ကောင်ဟာ တစ်ကောင်နဲ့တစ်ကောင် အစွမ်းဘယ်လောက်ရှိသလဲဆိုပြီး ပြိုင်ဆိုင်ရန်ဖြစ်ကြသတဲ့။ အဲဒီအခါ အောက်ကကြက်ဟာ 'ငါ့ကိုသတ်ပြီး မီးကျီ၌ ကင်စားသော် နံနက်စောစော အသပြာတစ်ထောင်ရလတ္တံ့' လို့ ကြွားလိုက်သတဲ့။ အထက်မှာ အိပ်တဲ့ကြက်ကလည်း အားကျမခံ 'ငါ့ဦးခေါင်းကိုစားသောသူသည် မင်းဖြစ်အံ့၊ ငါ့အသားကိုစားသောသူသည် ယောကျ်ားဖြစ်က သေနာပတိအရာရအံ့၊ မိန်းမဖြစ်က မိဖုရားကြီးဖြစ်အံ့၊ အရိုးအနားကပ်နေသောအသားကိုစားသူသည် လူဖြစ်က ဘဏ္ဍာစိုး၊ ရဟန်းဖြစ်က မင်းဆရာအဖြစ်ကိုရအံ့' လို့ ဆိုသတဲ့။

ထင်းခွေယောက်ျားလည်း အဲဒီကြက်တွေရဲ့စကားကို ကြားရတဲ့အခါ ဝမ်းသာပြီး

mgyoe.com

mgyoe.com

အထက်မှာအိပ်တဲ့ကြက်ကို ဖမ်းပြီးသတ်လိုက်သတဲ့ကွယ်။ အဲဒီကြက်သေကို သူ့မိန်းမကို ချက်ခိုင်းလိုက်တယ်။ 'ရှင်မရေ ဒီကြက်ခေါင်းကို ငါစားရင် မင်းဖြစ်မယ်၊ ဒီကြက်သားကို မင်းစားရင် မိဖုရားဖြစ်မယ်၊ ငါတို့ ဂင်္ဂါမှာရေချိုးပြီး အားရပါးရစားကြမယ်' လို့ ပြောသတဲ့။ ဒါနဲ့ ကြက်သားဟင်းချက်ပြီး ဂင်္ဂါမြစ်ဆီ ထွက်လာကြတော့တယ်။

မြစ်ကမ်းနဖူးမှာ စားသောက်ဖွယ်ရာတွေချပြီး၊ လင်မယားနှစ်ယောက် ရေဆင်းချိုးကြသတဲ့။ အဲဒီမှာပဲ မထင်မှတ်ဘဲ လေပြင်းတိုက်တော့တယ် ကလေးတို့ရေ။ လေဟာ စားဖွယ်ကောင်းကို ပင့်တိုက်လိုက်ပြီး၊ ရေထဲကို ဆွဲချသွားတော့တယ်။ ထင်းခွေယောကျ်ားလည်း ဘယ်လိုမတတ်နိုင်တော့ဘူး၊ သူကိုယ်တိုင်လည်း သဲတွေခံတွင်းထဲဝင်ပြီး မနည်းအသက်လုပြေးခဲ့ရသတဲ့။

အဲဒီအချိန်မှာ ဆင်ထိန်းအမတ်တစ်ဦးဟာ ဂင်္ဂါမြစ်ရဲ့အောက်ပိုင်းမှာ ဆင်ကို ရေချိုးပေးနေသတဲ့။ သူဟာ မြစ်ရေမှာမျောပါလာတဲ့ စားဖွယ်ကောင်းကိုတွေ့ပြီး ဆယ်ယူလိုက်တယ်။ ပြီးတော့ သူ့ဇနီးဆီကို ပို့လိုက်တယ်။

'ရှင်မရေ၊ ငါတို့ဆရာရသေ့ထံကို ဤစားဖွယ် သွားကပ်လေတော့' လို့လည်း မှာကြားလိုက်တယ်။ ဆရာရသေ့လည်း ဆင်ထိန်းအမတ်ကြီးရဲ့ရှေးဘဝကောင်းမှုကို ဒိဗ္ဗစက္ခုဉာဏ်နဲ့ မြင်တော်မူလိုက်သတဲ့။ ဒါနဲ့ ဆင်ထိန်းအမတ်ကြီးကို အခေါ်လွှတ်လိုက်တယ်။ ရှင်ရသေ့ဟာ ဆင်ထိန်းအမတ်ကြီးကို ကြက်ဦးခေါင်းစားစေပြီး၊ ဇနီးသည်ကို ကြက်အသားစားစေတယ်။ သူကိုယ်တိုင်ကတော့ ကြက်အရိုးနားက အသားကိုစားတယ်။ ပြီးတော့ 'သင်ဟာ ဤနေ့မှ သုံးရက်မြောက်သောနေ့တွင် မင်းဖြစ်အံ့တည်း' လို့ မိန့်ကြားလိုက်သတဲ့ကွယ်။

သုံးရက်မြောက်သောနေ့မှာ ပြည်နီးချင်းဘုရင်တစ်ပါးဟာ ဗာရာဏသီကို လာပြီး ဝိုင်းရံကျူးကျော်ရန်စတော့တယ်။ ဘုရင်မင်းမြတ်ဟာ ဆင်ထိန်းအမတ်ကြီးကို နန်းတော်မှာ ဘုရင်အဖြစ်စောင့်ရှောက်ဖို့ အပ်နှံထားခဲ့ပြီး သူကိုယ်တိုင် အညတြအသွင်နဲ့ စစ်တိုက်ထွက်တော့တယ်။အဲဒီမှာပဲ ဘုရင်မှာ မြှားထိမှန်ပြီး ကံကုန်သွားရှာသတဲ့။

ဆင်ထိန်းအမတ်ကြီးဟာ ရှင်ဘုရင်ကျသွားလို့ အားလျှော့နောက်ဆုတ်တော့မယ့် စစ်သည်တွေနဲ့ ပြည်သူတွေကို ဘုရင့်ဘဏ္ဍာတိုက်ထဲက အသပြာတွေထုတ်ပေးပြီး 'ဥစ္စာအလိုရှိသူတို့ စစ်ထိုးကြလော့' လို့ ဆိုသတဲ့။ အဲဒီမှာပဲ တန်ပြန်ထိုးစစ်ကြောင့် ရန်သူမင်းလည်း ကျဆုံးသွားသတဲ့ကွယ်။

ပြည်သူဗိုလ်ပါအပေါင်းဟာ ရှင်ဘုရင်ကြီးရဲ့အလောင်းကို ကောင်းစွာသင်္ဂြိုဟ်ကြ

mgyoe.com

mgyoe.com


တယ်။ ပြီးတော့ အမြော်အမြင်လည်းရှိပြီး ဘုရင်ကိုယ်တော်တိုင်က ယုံကြည်စွာနန်းအပ်ခဲ့တဲ့ ဆင်ထိန်းအမတ်ကြီးကို မင်းအဖြစ်မြှောက်လိုက်ကြတော့တယ်။

ဆင်ထိန်းအမတ်ကြီးကို ဘိသိက်သွင်း ရှင်ဘုရင်မြှောက်ပြီး၊ ဇနီးသည်ကို မိဖုရားအရာ မြှောက်ကြတာပေါ့ကွယ်။ ရှင်ရသေ့ဟာလည်း မင်းဆရာဖြစ်လာတော့တာပေါ့။ ဒါဟာ ရှေးဘဝကကုသိုလ်ကံအကျိုးပေးကြောင်း မင်းအဖြစ်လွဲခဲ့ရတဲ့ ထင်းခွေသမားနဲ့ မမျှော်လင့်ဘဲ မင်းဖြစ်ခဲ့ရတဲ့ ဆင်ထိန်းအမတ်တို့ရဲ့ ကွာခြားမှုပါပဲ ကလေးတို့ရေ။

❃

mgyoe.com

mgyoe.com

# ၆။ ကိုယ်နှင့်စိတ်ကို ကောင်းစွာထားခြင်းမင်္ဂလာ
## (အတ္တသမ္မာ ပဏိဓိစ)

### ကောသိယသူဌေး

ဗာရာဏသီပြည်မှာ ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့သူဌေးကြီး တစ်ယောက်ရှိခဲ့သတဲ့ ကလေးတို့ရေ။ အဲဒီသူဌေးကြီးဟာ မြို့တံခါးလေးမျက်နှာ၊ မြို့လယ်အိမ်တံခါးတို့မှာ အလှူမဏ္ဍပ်ခြောက်ခုကိုဆောက်ပြီး နေ့စဉ်နေ့တိုင်း အလှူအတန်းပြုသတဲ့။ အဲဒီသူဌေးကြီးဟာ အသက်ထက်ဆုံးအလှူပေးပြီး 'ငါ၏အလှူပေးသောအနွယ်ကို မဖျက်လင့်' လို့ သူ့သားကို မှာကြားဆုံးမခဲ့သတဲ့။

သူဌေးကြီး ကွယ်လွန်တဲ့အခါ နတ်ပြည်မှာ သိကြားမင်းဖြစ်သွားတယ်။ အဲဒီ သိကြားရဲ့သားဟာလည်း အဖေတူ အလှူပေးတာကြောင့် လနတ်သားဖြစ်သွားတယ်။ လနတ်သားရဲ့သားဟာ နေနတ်သားဖြစ်သွားတယ်။ နေနတ်သားရဲ့သားဟာ မာတလိ နတ်သားဖြစ်တယ်။ မာတလိနတ်သားရဲ့သားဟာ ပဉ္စသိခနတ်သား ဖြစ်တယ်။ အဲဒီ ပဉ္စသိခနတ်သားရဲ့သားကတော့ ကောသိယလို့ခေါ်တဲ့ ကုဋေရှစ်ဆယ်သူဌေးဖြစ်လာသတဲ့ ကလေးတို့ရေ။

ဒါပေမဲ့ ကောသိယဟာ သူ့အဖ၊ အဘိုးတို့နဲ့မတူဘူးကွဲ့။ သူဟာ ဆောင်ထားအပ်တဲ့ ဥစ္စာပစ္စည်းတွေကိုစွန့်လှူကြတဲ့အတွက် ဆင်းရဲကုန်ကြတဲ့ အဖနဲ့အဘိုးတွေကို မိုက်မဲသူ တွေလို့ ယူဆသတဲ့။ သူကိုယ်တိုင်လည်း ဥစ္စာပစ္စည်းတွေကို တစ်စွန်းတစ်စမျှ မပေးလှူဘဲ နေသတဲ့။ သူ့ဘိုးဘေးလက်ထက်က အလှူတဲများကိုလည်း ဖျက်ဆီးပစ်လိုက်သတဲ့ကွယ်။

ကောသိယသူဌေးဟာ သူ့စည်းစိမ်ဥစ္စာကို ထိပါးမှာစိုးပြီး၊ သူကိုယ်တိုင်ရဲ့ ဆန်ကွဲ

mgyoe.com

ထမင်းကိုစားတယ်။ အဝတ်ကြမ်းကိုဝတ်တယ်။ သစ်ရွက်သစ်သီးကိုမှီဝဲတယ်။ နွားအိုကတဲ့ ရထားနဲ့သွားတယ်။ ကောသိယမှာရှိတဲ့ ပစ္စည်းဥစ္စာတွေဟာ ခွေးရတဲ့ အုန်းသီးလိုဖြစ်နေ တော့တယ်။

တစ်နေ့တော့ ကောသိယဟာ မင်းခစားသွားဖို့အတွက် သူဌေးငယ်တစ်ဦးကို ခေါ် သွားဖို့ ကြံစည်တယ်။ သူဌေးငယ်အိမ်ကိုရောက်တဲ့အခါ နို့ထမင်း (ဃနာထမင်း) စားနေ တာတွေ့ရသတဲ့။ ဆိဦးထောပတ်နဲ့ချက်တဲ့ ပျားသကာမုန့်နဲ့စီရင်ထားတဲ့ ဃနာထမင်းကို မြင်တဲ့အခါ ကောသိယခမျာ စားချင်စိတ်ဖြစ်ပြီး သွားရည်ယိုလာတော့တယ်။ သူဌေးငယ်က ဧွတ်အတင်းကျွေးပေမယ့် သူက မစားဘူးတဲ့။ သူ ဒီမှာစားလိုက်ရင် သူ့အိမ်လာတဲ့အခါမှာ လည်း သူပြန်ကျွေးရမှာကိုး။ ဒါကြောင့် စားပြီးပြီလို့ပဲ ပြောတာပေါ့။

ဒီလိုနဲ့ မင်းခစားပြီးပြန်အလာ ဃနာထမင်းစားလိုစိတ်က ပြင်းပြလာတယ်။ ဒါပေမယ့် ဥစ္စာထိပါးမှာစိုးပြီး ဘယ်သူ့ကိုမှ ဖွင့်မပြောဘဲ အောင့်အည်းနေသတဲ့။ တဖြည်း ဖြည်း အားအင်ယုတ်လျော့လာပြီး အိပ်ရာထဲမှာလဲတော့မှ မိန်းမဖြစ်သူက မေးသတဲ့။ အထပ်ထပ်မေးတော့မှ အကြောင်းရင်းကို သိရတော့တယ်။ သူဌေးကတော်ဟာ 'အရှင် သူဌေး၊ သင်ဆင်းရဲသလော။ အလုံးစုံသော ဗာရာဏသီပြည်သူတို့ စားလောက်သော ဃနာကို ကျွန်ုပ်ချက်အံ့' လို့ ပြောလိုက်သတဲ့။ ကောသိယသူဌေးဟာ ခေါင်းကို လှံတံနဲ့ရိုက် သလို အမျက်ထွက်ပြီး ဆူဆဲတော့တာပေါ့။ သူဌေးကတော်ကလည်း အမျိုးမျိုးဖြောင့်ဖျ ပြောဆိုနေတယ်။ နောက်ဆုံး နှစ်ယောက်စာချက်ဖို့ပြောသည်အထိ ကောသိယက လက်မခံ ဘူးတဲ့ကွယ်။ ဒါနဲ့ပဲ သူဌေးကတော်ဟာ 'ရှင့်တစ်ယောက်စာတော့ ချက်ပါရစေ' လို့ ပြောလိုက်သတဲ့။

အဲဒီမှာ သူဌေးကြီးက ' ဒီအိမ်မှာ မချက်လင့်၊ တောထဲမှာ သွားချက်မည်။ ဆန် နည်းနည်း၊ နို့ရည်နည်းနည်း၊ သကာ၊ ထောပတ်၊ ပျားရည်အနည်းငယ်စီကို အိုးတစ်လုံးထဲ ထည့်ပြီး၊ တောထဲရောက်တော့ ချုံစပ်မှာ မီးဖိုဖနောင့်တည်ပြီး၊ မိန်းမကို လမ်းခုလတ် အစောင့်ထားသတဲ့။ လူလာရင် အချက်ပြဖို့မှာသတဲ့။

အဲဒီခဏမှာ သိကြားမင်းဟာ မိမိတို့ရဲ့အလှူပေးသော အနွယ်အဆက်ကို ဖြတ် တောက်ပစ်တဲ့ ကောသိယကို မြင်တော်မူသတဲ့။ ကောသိယတော့ ငရဲရောက်တော့မယ်လို့ တွေးမိပြီ။ ကယ်တင်ဖို့စီစဉ်တော့တာပေါ့။ သိကြားဟာ ပုဏ္ဏားခရီးသွားအသွင်နဲ့ ကောသိ ယဆီရောက်သွားပြီး ဗာရာဏသီသွားရာလမ်းကို မေးသတဲ့။

ကောသိယဟာ ပုဏ္ဏားကို အနားမလာဖို့ နှင်တယ်။ ပုဏ္ဏားဟာ မီးဖိုနားအထိ

mgyoe.com

ချဉ်းကပ်သွားပြီး ဃနာထမင်းကို အလှူခံတော့တယ်။ ကောသိယက ငြင်းတာပေါ့ကွယ်။ အဲဒီမှာ ပုဏ္ဏားယောင်ဆောင် သိကြားက 'အနည်းငယ်မျှသော အလှူကိုပေးပါ။ မပေး မလှူခြင်းဟာ မသင့်ပါ။ တစ်ယောက်တည်းစားသူဟာ ချမ်းသာကိုမရပါ' လို့ ပြော လိုက်သတဲ့။ ဒါနဲ့ ကောသိယလည်း လက်လျှော့ပြီး ခဏစောင့်ပါလို့ပြောတယ်။ နည်းနည်း တော့ပေးမယ်လို့ ပြောတယ်။

ဒီလိုနဲ့ လနတ်သား၊ နေနတ်သား၊ မာတလိနတ်သား၊ ပဥ္စသိခနတ်သားတို့ကလည်း ပုဏ္ဏားတွေအသွင်ရောက်လာပြီး၊ ဃနာကို အလှူခံကြတော့တယ်။ နတ်တို့ထိုင်စောင့်နေ တုန်း ထမင်းကျက်တယ်။ ကောသိယဟာ ဖိုခနောက်က အိုးကိုချပြီး နတ်တို့ကို ယောက်မ နဲ့ခပ်ပေးတယ်။ သူဌေး ဘယ်လောက်ခပ်ခပ် ထမင်းအိုးက လျော့သွားခြင်းမရှိဘူးတဲ့ ကလေးတို့ရေ။

အဲဒီခဏမှာ ပဥ္စသိခနတ်သားဟာ ခွေးယောင်ဖန်ဆင်းပြီး သူတို့ရှေ့က ကျင်ငယ် စွန့်ရင်း သွားသတဲ့။ ပုဏ္ဏားတွေဟာ ဃနထမင်းကို လက်နဲ့ပိတ်ကြသတဲ့။ ကောသိယ လက်ဖမိုးပေါ်ကို ကျင်ငယ်တစ်ပေါက်ရောက်သွားပါရော။ ဒါနဲ့လက်ဆေးဖို့ ထမင်းအိုးကို ပုဏ္ဏားတွေဆီ အပ်ထားခဲ့သတဲ့။ အဲဒီမှာပဲ ခွေးက ထမင်းအိုးထဲကို ကျင်ငယ်စွန့်လိုက်သတဲ့။ သူဌေးလည်း လှံကိုကိုင်ပြီး ခွေးကိုခြောက်တယ်။ ခွေးက သူ့ကို ပြန်လိုက်တယ်။

အဲဒီမှာ ခွေးကိုကြောက်ပြီး ပုဏ္ဏားတွေဆီပြေးကပ်တယ်။ ပုဏ္ဏားတို့ဟာ နတ်အသွင် ကောင်းကင်မှာ ပျံတက်နေတယ်။ ဒီတော့ ကောသိယလည်း တအံ့တသြ မေးမိတော့တာ ပေါ့။ အဲဒီမှာပဲ သူ့ကိုသနားလို့ ငရဲမကျအောင် လာကယ်တင်တဲ့အကြောင်း သိရတော့ တယ်။ အဲဒီနေ့ကစပြီး မလှူအပ်သောအရာမရှိဆိုတဲ့ သိကြားရဲ့အဆုံးအမနဲ့အတူ ပိုင်ဆိုင် သမျှဥစ္စာတို့ကို လှူဒါန်းတော့တယ်။ အဲဒီနောက် ကျောင်းဆောက် ရဟန်းပြုတယ်။ သေလွန်တဲ့အခါ ကောသိယနတ်သားအဖြစ် နတ်စည်းစိမ် ခံစားရတော့တယ်။

မိမိကိုယ်နဲ့စိတ်ကို ဝန်တိုခြင်းက ကင်းလွတ်စေနိုင်ခဲ့တဲ့ ကောသိယသူဌေးရဲ့ ဇာတ်လမ်းလေးပါပဲ ကလေးတို့ရေ။

❃

mgyoe.com

mgyoe.com

## ၇။ အကြားအမြင်ဗဟုသုတများခြင်းမင်္ဂလာ
## (ဗာဟု သစ္စဉ)

### မိုးကြိုးပစ်မှတ်

ဟိုးတစ်ခါတုန်းကပေါ့ကွယ်။ မောင်လူလှနဲ့မစပယ်ဆိုတဲ့ မောင်နှမနှစ်ယောက်ဟာ သူတို့ ဘခွေးနဲ့အတူ တောထဲကို သစ်မြစ်တူးဖို့သွားကြသတဲ့။ တောနက်ကြီးထဲကို ရောက်တဲ့အချိန်မှာတော့ မမျှော်လင့်ဘဲ လေကြီးမိုးကြီးကျလာသတဲ့ ကလေးတို့ရေ။

မိုးတွေကလည်း တဂျိမ်းဂျိမ်းနဲ့ခြိမ်းပြီး လျှပ်စီးတွေကလည်း တဝင်းဝင်းနဲ့လက်လာတော့တယ်။ အဲဒီမှာ သူတို့ဘခွေးက "ကလေးတို့ရေလာကြဟေ့။ မိုးတွေရွာတော့မယ်၊ ငါတို့ အပင်ကြီးကြီးရှာပြီး အဲဒီအောက်မှာ မိုးဝင်ခိုကြရအောင်"လို့ ပြောသတဲ့။

အဲဒီအခါ မောင်လူလှကလေးက. . .

"မဖြစ်ဘူး ဘခွေး၊ ကျောက်ဆောင်တစ်ခုခုကို အမြန်ရှာပြီး မိုးခိုမှဖြစ်မယ်" လို့ ပြောသတဲ့။

ဘခွေးက "ဟ၊ ဒီတောထဲမှာ ဘယ်ကလာပြီး ကျောက်ဆောင်ရှိမှာတုန်း။ မိုးက ရွာတော့မယ်။ ဟိုနားက အပင်ကြီးက မိုးလုံလိမ့်မယ်၊ သွားကြရအောင်" လို့ ပြောပြန်တယ်။

ပြောပြောဆိုဆို ဘခွေးဟာ အဲဒီသစ်ပင်ကြီးရှိရာကို အတင်းပြေးသွားတော့တယ်။ မောင်လူလှကလေးကတော့ လိုက်မသွားဘူးတဲ့။ သူဟာ မစပယ်ရဲ့လက်ကိုဆွဲပြီး လျှိုကြားထဲကို ဝင်ပြေးတယ်။ သူ့ဘခွေးကိုလည်း မသွားဖို့ လှမ်းအော်တယ်။ ဒါပေမယ့် ဘခွေးက ခေါ်လို့ မကြားတော့ဘဲ သူလက်ညှိုးထိုးပြခဲ့တဲ့ သစ်ပင်ကြီးဆီရောက်သွားတော့သတဲ့ကွယ်။

ချိုကြားထဲ အတင်းတိုးဝင်ခဲ့တဲ့ မောင်လူလှနဲ့ မစပယ်ကလေးတို့ဟာ မြေကြီးပေါ်မှာ

mgyoe.com

ပြားပြားဝပ်မှောက်နေကြတာပေါ့။ မိုးတွေက ခြိမ်းလွန်းမကခြိမ်းပြီး မိုးကြိုးတွေကလည်း တရစပ်ပစ်နေတာကြောင့် မောင်လူလုကလေးဟာ သူ့ရဲ့ဘဒွေးကို သိပ်စိတ်ပူနေတော့တာ ပေါ့ကွယ်။

တကယ်တော့ သူတို့ဘဒွေးဟာ တောထဲကို ထင်းခုတ်တောင်မှ ထွက်ဖူးတာမဟုတ်ဘူးတဲ့ ကလေးတို့ရေ။ သူတို့ရွာကို အလည်ရောက်လာတဲ့နေပြည်တော်က ဆေးဆရာကြီးသာဖြစ်တယ်။ ဘဒွေးဟာ ဆေးဝါးကုသတဲ့အကြောင်းကလွဲပြီး ဘာမှစိတ်ဝင်စားတတ်သူလည်းမဟုတ်ဘူးတဲ့။ သူ့မှာ ဘာအကြားအမြင်မှလည်း မရှိဘူး။ မောင်လူလုကလေးကတော့ တောထဲကို ဖခင်နဲ့ မကြာခဏလာဖူးနေလေတော့ သဘာဝရဲ့ဘေးအန္တရာယ်ကို သိနေတာပေါ့ကွယ်။

"ညီမလေးရေ၊ ဒီအတိုင်းဆိုရင် ငါတို့ဘဒွေး ဒုက္ခရောက်တော့မယ်ထင်တယ်။ ကဲ. . . ညီမလေး ဒီမှာငြိမ်ငြိမ်ကလေးဝပ်နေရစ်၊ မကြောက်နဲ့၊ အစ်ကိုကြီး အခုချက်ချင်းပြန်လာမယ်" လို့ပြောပြီး သူ့ဘဒွေးဆီကို ပြေးသွားတော့သတဲ့။

ဘဒွေးဆီလည်း ရောက်ရော၊ ဘဒွေးက. . .

"ဟ၊ လူလု၊ စပယ်လေးရော၊ ဘာလို့ခေါ်မလာတာလဲ၊ ဒီမှာ မိုးလုံတယ်ကွ" လို့ဆီးပြောတယ်။ မောင်လူလုဟာ သူ့ဘဒွေးကို စကားမပြန်တော့ဘဲ လက်ကိုအတင်းဆွဲပြီး "မစပယ်လေးကိုလာကြည့်ပါဦး ဘဒွေးရဲ့" လို့ ပြောလိုက်တယ်။

အဲဒီအခါကျတော့မှ ဘဒွေးလည်း မောင်လူလုနောက်ကို စိုးရိမ်တကြီးနဲ့ အပြေးအလွှားပါလာတယ်။ လျှိုကြားထဲကိုရောက်တဲ့အခါ မစပယ်လေးကို ဘေးမသီရန်မခတွေ့လိုက်ရတဲ့အတွက် ဘဒွေးက မောင်လူလုကို ဟိန်းဟောက်မယ်ကြံခါရှိသေး . . .

'ဝုန်း၊ ဒုန်း' ဆိုတဲ့ မိုးကြိုးပစ်သံကြီးနဲ့အတူ သစ်ပင်ကြီးပြိုလဲသံကို ကြားလိုက်ရသတဲ့။ အဲဒါကတော့ အခုနက ဘဒွေးမိုးခိုခဲ့တဲ့အပင်ကြီးကို မိုးကြိုးပစ်ချလိုက်တာပါပဲ ကလေးတို့ရယ်။ ထီးထီးမားမားအပင်ကြီးဟာ မိုးကြိုးပစ်ဖို့ ပစ်မှတ်တစ်ခုဆိုတာ ဗဟုသုတကြွယ်ဝတဲ့ မောင်လူလု ကလေးက သိနေတယ်လေ။

အဲဒီအခါကျတော့မှ ဘဒွေးလည်း သူ့တူလေးက သူ့အသက်ကို ကယ်လိုက်မှန်းသိသွားခဲ့တယ်။ ဒါဟာ မောင်လူလုလေးရဲ့ မင်္ဂလာရှိတဲ့လုပ်ရပ်ပါ ကလေးတို့ရယ်။

❋

mgyoe.com

.mgyoe.com

# ၈။ အပြစ်ကင်းအောင်တတ်မြောက်ခြင်းမင်္ဂလာ (သိပ္ပ)

## ကျောက်စရစ်ပစ်အတတ်

ကျောက်စရစ်ခဲကို လက်တည့်အောင်ပစ်တတ်ခြင်းဟာ သင့်တဲ့နေရာမှာ ကောင်းပြီး မသင့်တဲ့နေရာမှာ မကောင်းကြောင်း ဟောဒီပုံပြင်ကလေးကို ဖတ်ကြည့်ကြပါ ကလေးတို့ရေ။

လွန်လေပြီးသောအခါက ဗာရာဏသီပြည်မှာ လူရိုးကြီးတစ်ယောက်ရှိသတဲ့။ သူဟာ ကျောက်စရစ်ပစ်တဲ့အတတ်မှာ ကျွမ်းကျင်သူလည်းဖြစ်သတဲ့။ အဲဒီလူရိုးကြီးကို ရွာသူရွာသားတွေက မြို့တံခါးရင်းမှာရှိတဲ့ ပညောင်ပင်ရင်းမှာ ဆင်ရုပ်၊ မြင်းရုပ်ကလေးတွေလုပ်ခိုင်းပြီး တစ်ရွေး၊ တစ်ပဲစတဲ့ ငွေကြေးကို ပေးကြသတဲ့။

အဲဒီလူရိုးကြီးဟာ ကျောက်စရစ်ကိုပစ်ပြီး ပညောင်ရွက်မှာ ထူးခြားတဲ့အရုပ်တွေကို ပြုလုပ်ပေးသတဲ့။ တစ်နေ့တော့ ဘုရင်မင်းမြတ်ဟာ ဥယျာဉ်ထဲမှာ လမ်းလျှောက်ရင်း အဲဒီပညောင်ပင်ရှိရာကို ရောက်သွားသတဲ့။ အဲဒီအခါ ရှိရှိသမျှကလေးသူငယ်၊ လူရွယ်တို့ဟာ ဘုရင်ကိုကြောက်ပြီး ပြေးကုန်ကြတော့တယ်။ လူရိုးကြီးဟာလည်း ပညောင်မြစ်ရဲ့ အကြားမှာ ဝပ်နေတော့တာပေါ့ကွယ်။

ဘုရင်ကြီးဟာ ပညောင်ရွက်တွေပေါက်နေတာကိုမြင်တော့ ဘယ်သူလုပ်သလဲလို့ မေးသတဲ့။ လူတွေက 'လူရိုးကြီးလုပ်တာပါ' လို့ဆိုကြသတဲ့။ အဲဒီအခါ ဘုရင်ကြီးက လူရိုးကြီးကိုခေါ်ပြီး 'အမောင် လူရိုး၊ ငါ၏ ပုရောဟိတ်သည် အလွန်နှုတ်ကြမ်း၏။ စကားများ၏။ ထိုပုရောဟိတ် စကားပြောလျှင် အခြားမည်သူမျှ ဖြတ်၍ပြောခွင့်မရှိ။

mgyoe.com

mgyoe.com


ထိုပုရောဟိတ်အား အသံမရှိသည်ကို ပြုရန်သင်တတ်နိုင်သလော'လို့ မေးသတဲ့။ အဲဒီမှာ လူရိုးကြီးက 'အရှင်မင်းကြီး၊ ဆိတ်ချေးတစ်ပြည်ကို ပေးပါ'လို့ ဆိုသတဲ့။

ဘုရင်ကြီးက လူရိုးကြီးတောင်းတဲ့ ဆိတ်ချေးတစ်ပြည်ကို ပေးတဲ့အခါ လူရိုးကြီးက ပုရောဟိတ်ထိုင်နေရာနဲ့တည့်တည့်လိုက်ကာကြီးအတွင်းမှာရှိနေပြီး လိုက်ကာကို အပေါက်ပေါက်ထားသတဲ့။ ပုရောဟိတ်ဟာ သူ့နေရာမှာထိုင်ရင်း စကားပြောတယ်။ တခြားဘယ်သူမှ ဝင်ပြောလို့မရအောင်ပြောတယ်။ အဲဒီအခါ လူရိုးကြီးက ဆိတ်ချေးခြောက်ကို ပုရောဟိတ်ရဲ့ပါးစပ်ထဲရောက်အောင် ပစ်ထည့်လိုက်သတဲ့။ ပုရောဟိတ်ပါးစပ် ဟတိုင်း၊ ဟတိုင်း ဆိတ်ချေးခြောက်တွေကို မျိုမျိုချနေရတော့တယ်။ ဒီလိုနဲ့ ဆိတ်ချေးတစ်ပိဿာ ကုန်သွားရောတဲ့ကွယ်။

ဒါပေမယ့် ဒါကို ပုရောဟိတ်ကြီးက မသိရှာဘူး။ ဘုရင်ကြီးက 'အသင်ပုရောဟိတ်၊ စကားတစ်ခါပြောတိုင်း ဆိတ်ချေးတွေ ခံတွင်းထဲရောက်ကုန်တာ မသိလျှော့သလား၊ ဒုက္ခဖြစ်ရှာ့မယ်၊ ရေသောက်ပြီး၊ ဝမ်းနုတ်၊ ရောဂါကင်းအောင်ပြုလေ'လို့ဆိုမှ ပုရောဟိတ်လည်း ရှုံ့ရှာမဆုံးဖြစ်ရတော့သတဲ့။

အဲဒီနေ့ကစပြီး ပုရောဟိတ်လည်း စကားတိတ်သွားတော့တာပေါ့ ကလေးတို့ရေ။ ဘုရင်ကြီးကလည်း လူရိုးကြီးကို သူနားချမ်းသာအောင် လုပ်ပေးချင်တဲ့အတွက် ကျေးဇူးတင်ပြီး အခွန်တစ်သိန်းထွက်တဲ့ ရွာလေးရွာကို အပိုင်စားပေးလိုက်သတဲ့။ ကျောက်စရစ်ပစ်တဲ့အတတ် ကလေးမျှသာတတ်ပေမယ့် ကောင်းစွာအသုံးချနိုင်တဲ့ လူရိုးကြီးဟာ လေးရွာကို အပိုင်ပေးရတဲ့ မင်္ဂလာရှိတဲ့သူတစ်ဦး ဖြစ်လာခဲ့ရတာပေါ့ ကလေးတို့ရေ။

အဲဒီအဖြစ်ကို အားကျပြီး လူပုဂ္ဂိုလ်တစ်ယောက်ဟာ လူရိုးကြီးထံမှ ကျောက်စရစ်ခဲပစ်တဲ့အတတ်ကို သင်ပါရစေလို့ တောင်းပန်လာသတဲ့။ အဲဒီအခါ လူရိုးကြီးက ကျောက်စရစ်အတတ်ကို သင်ပေးပြီး အတတ်ကိုစမ်းလိုသော် သတိပြုရန် မှာကြားသတဲ့။ နွားကို ပစ်မိလို့ နွားသေရင် ဒဏ်ငွေတစ်ရာ၊ လူကို မိသော် ဒဏ်ငွေတစ်ထောင်သင့်မယ်လို့ ပြောလိုက်သတဲ့။ ပုဂ္ဂိုလ်က ဒါဖြင့် ဘာကို စမ်းသပ်ရမလဲဆိုတော့ လူရိုးကြီးကလည်း အဖမရှိတဲ့သူကို ပစ်လျှင် ဒဏ်မရှိလို့ ဆိုလိုက်သတဲ့။

အမှန်ကတော့ သက်ရှိကို မပစ်ခတ်ရဆိုတဲ့သဘောပေါ့ကွယ်။ ဒါပေမယ့် ပုဂ္ဂိုလ်က ကျောက်စရစ်ကို ခါးပိုက်ပိုက်ပြီး အဖမရှိတဲ့ သူကို စုံစမ်းတဲ့အခါ တစ်နေ့ သုခနေတ္တမည်တဲ့ ပစ္စေကဗုဒ္ဓဟာ မိဘမရှိတဲ့သူလို့ သတင်းရသတဲ့။ အဲဒီမှာ ပုဂ္ဂိုလ်ဟာ အရှင်ပစ္စေကဗုဒ္ဓါနဲ့ လက်ယာနားတော်ကို ချိန်ရွယ်ပြီး ကျောက်စရစ်ကို ပစ်လိုက်သတဲ့။
mgyoe.com

mgyoe.com


ကျောက်စရစ်ဟာ လက်ယာ နားတော်က စစ်ပြီးလက်ဝဲနားတော်က ပြန်ထွက်သွားသတဲ့။ အရှင်ပစ္စေကဗုဒ္ဓလည်း ဒုက္ခဝေဒနာခံစားရပြီး ဆွမ်းမခံနိုင်တော့ဘူးတဲ့ ကလေးတို့ရေ။ ဒါနဲ့ ကျောင်းတော်ကို ရှာန်ကြွပြီး သစ်ခက်ကျောင်းမှာပဲ ပရိနိဗ္ဗာန်ပြုတော်မူသွားသတဲ့။ ဆွမ်းခံရွာက လူတွေဟာ ရှင်ပစ္စေကဗုဒ္ဓါ ဆွမ်းခံမကြွတာကိုသိပြီး ကျောင်းတော်ကို လိုက်သွားတဲ့အခါ ဒီအခြင်းအရာကို မြင်တွေ့ကြတော့တယ်။

စိတ်မကောင်းတဲ့ ရွာသားတွေဟာ အကြောင်းရင်းကို စုံစမ်းကြတဲ့အခါ ပုဂ္ဂိုလ်ယုတ်ရဲ့လက်ချက်ဆိုတာ သိသွားကြသတဲ့။ ပုဂ္ဂိုလ်က 'ငါလည်း ကိုယ့်အတတ်ကို စမ်းခြင်းမျှသာဖြစ်သည်' လို့ ဆိုတယ်။ အဲဒီမှာ ရွာသားတွေလည်း အဲဒီပုဂ္ဂိုလ်ကို စိတ်ဆိုးပြီး ဝိုင်းသတ်ကြသတဲ့။ ပုဂ္ဂိုလ်ဟာ အဝီစိမှာ ငရဲခံရတော့တာပေါ့ကွယ်။

ဒါကြောင့် မိမိတတ်မြောက်တဲ့အတတ်ကို အပြစ်ကင်းအောင် အသုံးချခြင်းဟာ မင်္ဂလာဖြစ်တယ်။ အပြစ်ရှိအောင်အသုံးပြုခြင်းဟာ အမင်္ဂလာဖြစ်တယ်ဆိုတာ ကလေးတို့ မှတ်ကြရမယ်နော်။

❃

mgyoe.com

mgyoe.com

## ၉။ ကျင့်ဝတ်တို့ကို ကောင်းစွာလိုက်နာခြင်းမင်္ဂလာ
## (ဝိနယောစ သုသိက္ခိတော)

### အဆိပ်သင့်သူ

စည်းကမ်း၊ ကျင့်ဝတ်တွေကို လိုက်နာစောင့်ထိန်းခြင်းဟာ မင်္ဂလာတစ်ပါးဖြစ်တယ် ကလေးတို့ရေ။ မလုပ်သင့်တာမလုပ်ရ၊ မစားသင့်တာမစားရ၊ မဆင်မခြင်ဘဲ လုပ်ဆောင်စား သောက်ပါက ဘေးဒုက္ခကြုံတွေ့ရတဲ့အကြောင်း ဘုရားရှင်က ဟောကြားတော်မူခဲ့တယ်။

ဟိုးလွန်လေပြီးသောအခါက ဗာရာဏသီပြည်မှာ သူဌေးကြီးတစ်ဦးရှိသတဲ့။ အဲဒီ သူဌေးရဲ့နွားတွေကို ကျောင်းပေးရတဲ့ နွားကျောင်းသားတစ်ယောက်ဟာ တောစပ်မှာ နွားတင်းကုပ်ကိုဆောက်ပြီးနေသတဲ့။

အဲဒီအချိန်မှာ ခြသေ့ံတစ်ကောင်ဟာ နွားမတစ်ကောင်အပေါ် တပ်မက်တဲ့စိတ်ပေါ် လာပြီး အဲဒီနွားကျောင်းသားရဲ့ နွားတင်းကုပ်အနားမှာ နေနေသတဲ့။ နွားမကတော့ အဲဒီ ခြသေ့ံကို ကြောက်ပြီး နို့ရည်တောင်မှ အထွက်နည်းသွားသတဲ့ကွယ်။

ဒီအကြောင်းကို သူဌေးကြီး သိသွားသတဲ့ ကလေးတို့ရေ။ ဒါနဲ့ပဲ သူဌေးကြီးဟာ နွားမကိုဖမ်းခေါ်စေပြီး သူ့ကိုယ်ပေါ်က အမွေးတွေမှာ အဆိပ်ရည် ချိုးပေးလိုက်စေသတဲ့။ အရည်ကို အထပ်ထပ်ခြောက်အောင်လုပ်ပြီး၊ နှစ်ရက်၊ သုံးရက်ကြာ နွားတင်းကုပ်မှာထားစေ သတဲ့။ အဲဒီနောက်တော့ နွားကျောင်းသားကို အမိန့်ပေးလိုက်တယ်။ နွားမကို လွှတ်ပေး လိုက်ဖို့ပေါ့ ကလေးတို့ရေ။

နွားကျောင်းသားဟာ နွားမကိုလွှတ်လိုက်တဲ့အခါ ခြသေ့ံကလည်း နွားမအနားကို ကပ်လာတော့တာပေါ့။ ခြသေ့ံဟာ နွားမကို မြတ်နိုးတပ်မက်တာကြောင့် နွားကိုယ်ကို

mgyoe.com

လျှာနဲ့လျက်တော့သတဲ့။ အဲဒီမှာပဲ အဆိပ်မိပြီး ခြသေ့်သေဆုံးသွားတော့တယ်။

ဒါဟာ မဆင်ခြင်တဲ့ခြသေ့်ရဲ့ ဒုက္ခပေါ့ ကလေးတို့ရေ။ အဲဒီလိုပဲ စည်းကမ်းကျင့်ဝတ်ကို မထိန်းသိမ်းတဲ့လူတစ်ယောက်ရဲ့ပုံပြင်ကလေး ရှိသေးတယ်။

ဟိုလွန်လေပြီးသောအခါက ဗာရာဏသီပြည်မှာ ကြွေအန်ကစားတတ်တဲ့ သူဌေးကြီးတစ်ဦးရှိသတဲ့။ အဲဒီမှာပဲ ကောက်ကျစ်စဉ်းလဲတဲ့ ကြွေအန်ကစားသူတစ်ယောက်ဟာ သူဌေးကြီးနဲ့ ကြွေအန်ကစားသတဲ့။ သူနိုင်တဲ့အခါ ကစားဝိုင်းကိုမပျက်စေဘဲ၊ သူရှုံးတဲ့အခါမှာ ကြွေအန်ကို ပါးစပ်ထဲထည့်ပြီး ကြွေပျက်တယ်လို့ပြောသတဲ့။

သူဌေးကြီးလည်း အစကတော့ မသိဘူးပေါ့ကွယ်၊ နောက်မှသိတဲ့အခါ ဒီလူကို ပညာပေးမှတော်ရော့မယ်လို့ ဆုံးဖြတ်လိုက်သတဲ့။ သူဌေးကြီးလည်း ကြွေအန်တစ်စုံကို အဆိပ်ဆေးဆိုးပြီး အခြောက်ခံထားသတဲ့။ အဲဒီနောက် ကြွေအန်တွေကို ကစားဝိုင်းဆီယူလာပြီး ကောက်ကျစ်စဉ်းလဲသူနဲ့အတူ ကစားတော့သတဲ့။

သူနိုင်တဲ့အချိန်မှာမသိရပေမယ့် သူရှုံးတော့မယ်လည်းဆိုရော အဲဒီသူဟာ ကြွေအန်ကို ပါးစပ်ထဲပစ်ထည့်လိုက်တော့တယ်။ အဲဒီမှာ အဆိပ်သင့်ပြီး မူးမေ့လဲကျသွားတော့သတဲ့။ သူဌေးကြီးက သူ့အသက်ကို မသေစေပါဘူး၊ အများသိအောင် သူ့ပါးစပ်ထဲက ကြွေအန်ကိုထုတ်ပြပြီး အဆိပ်ပြေဆေးကျွေးလိုက်သတဲ့။ နောက်တစ်ခါ သည်လိုအကျင့် စည်းကမ်းမဖောက်ဖျက်ဖို့လည်း ဆုံးမလိုက်သတဲ့ကွယ်။

❋

mgyoe.com

mgyoe.com

# ၁၀။ မှန်ကန်၍ အကျိုးရှိသောစကားကို ပြောဆိုခြင်းမင်္ဂလာ
## (သုဘာသိတာစ ယာဝါစာ)

## အရှိကိုအရှိ

ဟိုးရှေးရှေးတုန်းက ရွာတစ်ရွာမှာ မောင်ပို၊ မောင်လို၊ မောင်ချိုဆိုတဲ့ ညီအစ်ကို သုံးယောက်ရှိကြတယ်။ မောင်ပိုဟာ စကားပြောတဲ့နေရာမှာ ကြွားဝါပြီး ပိုပြောလေ့ရှိတယ်။ မောင်လိုကတော့ ကိုယ့်ကိုကိုယ် အမြဲနှိမ့်ချပြောတတ်တယ်။ မောင်ချိုက စကားကို ချိုချို သာသာနဲ့ လိုသလောက်ပဲ ပြောတတ်သတဲ့ ကလေးတို့ရေ။

သူတို့ရဲ့မိဘတွေဟာ ညီအစ်ကိုသုံးယောက်စလုံးကို ပညာတန်းတူ သင်ပေးခဲ့တယ်။ အရွယ်လေးရလာတဲ့အခါ အလုပ်လုပ်ဖို့အတွက် မြို့တော်ကြီးမှာနေတဲ့ ဘကြီးဆီကို လွှတ်လိုက်သတဲ့။

ဘကြီးဖြစ်တဲ့သူဟာ သူတို့ညီအစ်ကိုသုံးယောက်စလုံးကို အလုပ်ပေးနိုင်တဲ့ ပွဲရုံကြီး တစ်ခုဆီကို ခေါ်သွားသတဲ့။ ပွဲရုံကို ရောက်တော့ပွဲစားကြီးနဲ့ တွေ့တာပေါ့ကွယ်။

ဘကြီးက 'ပွဲစားကြီးခင်ဗျား၊ ဒါဟာ ကျွန်တော့် တူတော်မောင် သုံးယောက် ဖြစ်ပါတယ်၊ ပညာလည်း အတန်အသင့်တတ်ပါတယ်။ အဲဒါကြောင့် ပွဲရုံမှာ သင့်လျော်တဲ့ အလုပ်ကလေး လုပ်ခွင့်ပေးဖို့ အပ်နှံချင်ပါတယ်'လို့ ပြောလိုက်သတဲ့။

ဒါနဲ့ ပွဲစားကြီးက သူတို့ ညီအစ်ကိုသုံးယောက်ကို သီးခြားစီခေါ်တွေ့တယ်တဲ့ကွယ်။

ပထမဆုံး မောင်ပိုကို ခေါ်တွေ့တယ်။ ပွဲစားကြီးက မောင်ပို့ကို မေးခွန်းထုတ်တယ်။ 'မောင်ပိုက ပွဲရုံလုပ်ငန်းနဲ့ပတ်သက်ပြီး ဘာတွေများ တတ်သလဲ' လို့ မေးတဲ့အခါ

mgyoe.com

မောင်ပိုက 'အကုန်တတ်ပါတယ်'လို့ ဖြေသတဲ့ကွယ်။

ဒါနဲ့ ပွဲစားကြီးက မောင်လိုကို တစ်ခါခေါ်ပြီးမေးပြန်သတဲ့။

'မောင်လိုကရော ပွဲရုံလုပ်ငန်းနဲ့ပတ်သက်ပြီး ဘာတွေများတတ်သလဲ' ဆိုတော့ မောင်လိုက ဒီလိုဖြေလိုက်သတဲ့။ 'ဘာမှမတတ်ပါဘူးခင်ဗျား'တဲ့။

ဒီလိုနဲ့ နောက်ဆုံး မောင်ချိုကိုခေါ်ပြီး မေးပြန်သတဲ့ကွယ်။

'ကဲ၊ မောင်ချို၊ မင်းကရော ပွဲရုံလုပ်ငန်းနဲ့ပတ်သက်ပြီး ဘာများတတ်သလဲ' ပေါ့။ မောင်ချိုကတော့ . . .

'ပွဲရုံလုပ်ငန်းနဲ့ မရင်းနှီးလို့ တတ်ကျွမ်းတာကတော့မရှိသေးပါဘူးခင်ဗျာ၊ ဒါပေမယ့် သင့်တော်မယ့်အလုပ်ကို ခိုင်းမယ်ဆိုရင် တတ်အောင်သင်ပြီး ကြိုးစားလုပ်ပါ့မယ်ခင်ဗျာ'လို့ ဖြေလိုက်သတဲ့။

ပွဲစားကြီးလည်း သူတို့ ညီအစ်ကိုသုံးယောက်စလုံးကို ပြန်လွှတ်လိုက်ပြီး အကြောင်းပြန်မယ်လို့ပြောလိုက်သတဲ့ကွယ်။

နောက်ရက်မှာတော့ ပွဲစားကြီးဟာ သူတို့ရဲ့ဘကြီးကို ခေါ်ပြောတယ်။

'မောင်ပိုက ပွဲရုံလုပ်ငန်းအကုန်တတ်တယ်ဆိုတော့ ဘာခိုင်းရမှန်းမစဉ်းစားနိုင်ဘူး။ ဒါဟာ မမှန်ကန်တဲ့စကားဖြစ်မှန်း သိနေတယ်။ မောင်လိုကတော့ ဘာမှမတတ်ဘူးပြောတယ်။ ကိုယ့်ကိုကိုယ်နှိမ့်ချလွန်းတယ်ဗျ။ သူ့စကားကအမှန်ဖြစ်ပေမယ့် ကြားရတာ အားမရှိလှပေဘူး။ ဒီတော့ ဘာမှမခိုင်းချင်တော့ဘူး။ အဲ. . .မောင်ချိုကတော့ မရင်းနှီးလို့ မတတ်ကျွမ်းပေမယ့် ခိုင်းတာကို တတ်အောင်သင်ပြီးလုပ်မယ်ဆိုတော့ မောင်ချိုတစ်ယောက်ကိုပဲ အလုပ်ခန့်တော့မယ်ဗျို့' လို့ ပြောသတဲ့ကွယ်။

ကလေးတို့ရေ။

စကားကို ပိုပြောရင် လူအထင်သေးသလို စကားကို လျှော့ပြောတိုင်းလည်း လူအထင်မကြီးဘူး။ စကားကို လိုသလောက်ပဲ အရှိအတိုင်းပြောခြင်းသည်သာ မင်္ဂလာရှိတယ်ဆိုတဲ့အကြောင်း ဒီပုံပြင်ကလေးနဲ့ သက်သေပြလိုက်ပါတယ်ကွယ်။

❋

mgyoe.com